**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## လက်ကိုင်ဖုန်းဟန်းဆက် (Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း သတင်းပေးတင်ပြပါက ဆုကြေးငွေချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

✪ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်အပိုပစ္စည်းများ တင်သွင်းရောင်းချသူများ၊ အရောင်းဆိုင်များမှ လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်အပိုပစ္စည်းများ ရောင်းချသည့် အရောင်းပြေစာ အပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းကို **၁-၆-၂၀၁၉** ရက်နေ့မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

✪ လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူပြည်သူများ အနေဖြင့် အဆိုပါပစ္စည်းများ ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုး အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်မည် ဖြစ်ပါသည်။

✪ ယခုလက်ရှိကာလတွင် လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူသို့ထုတ်ပေးမည့် ပြေစာတွင် ကပ်နှိပ်မည့် အခွန်အမှတ်တံဆိပ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(50Ks) (100Ks) (200Ks) (500Ks) (1000Ks) (5000Ks) (10000Ks)




✪ လက်ကိုင်ဖုန်းဟန်းဆက် (Handset)နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူသူပြည်သူများ အနေဖြင့် ကျသင့်အခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများ တောင်းယူကြပါရန်နှင့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ပြေစာများ၊ **(အမှတ်တံဆိပ်သည် ငါးဆယ်ကျပ်တန် အနည်းဆုံးဖြစ်ပါသဖြင့် အခွန် ကျပ်ငါးဆယ် အောက် တန်ဖိုးအတွက် အခွန်အမှတ်တံဆိပ် လျော့နည်းခြင်းမှအပ)** ကျသင့်အခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ပြေစာများ ထုတ်ပေးခြင်း သို့မဟုတ် ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်းများ တွေ့ရှိပါက အောက်ပါအတိုင်း သတင်းပေးတိုင်ကြားနိုင်ပြီး ဆုကြေးငွေထုတ်ယူနိုင်ပါသည်-

(က) မည်သည့်အခွန်ရုံး၌မဆို တိုင်ကြားနိုင်ပါသည်။

(ခ) အောက်ပါအထောက်အထားများနှင့်အတူ တိုင်ကြားရပါမည်။

(၁) ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်/ လုံလောက်စွာ ကပ်နှိပ်ရန် ပျက်ကွက်သည့် ပြေစာမူရင်း၊

(၂) ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်းဖြစ်ပါက ထိုသို့ပျက်ကွက်ကြောင်း ခိုင်လုံစွာ တင်ပြနိုင်သည့် လုံလောက်သောအထောက်အထား၊

(၃) ဆုကြေးငွေထုတ်ပေးနိုင်ရန်အတွက် တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ။

✪ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း ပြုမည် မဟုတ်ပါ။

✪ ချီးမြှင့်မည့် ဆုကြေးငွေပမာဏမှာ-

(က) ပျက်ကွက်သည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းအဖြစ် တပ်ရိုက်သည့် ဒဏ်ငွေ၏ ၁၀ ရာခိုင်နှုန်း၊

(ခ) ပျက်ကွက်သည့်အကြိမ်အလိုက် တပ်ရိုက်သည့်ဒဏ်ငွေ၏ ၁၀ ရာခိုင်နှုန်း၊

✪ ချီးမြှင့်သော ဆုကြေးငွေပမာဏသည် ပျက်ကွက်သည့်အခွန်နှင့် အကြိမ်အရေအတွက် အပေါ် မူတည်၍ အနည်းဆုံးပမာဏ ကျပ်နှစ်သောင်းမှ ကျပ်တစ်သိန်းနှင့်အထက် ရရှိနိုင်မည် ဖြစ်ပါသည်။

✪ နိုင်ငံတော်သို့ ပေးဆောင်ထိုက်သည့်အခွန်ငွေများ အပြည့်အဝ ကောက်ခံရရှိစေရေး အတွက် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပေးကြသည့် လုပ်ငန်းရှင်ကြီးများနှင့် အခွန်ပေးဆောင်နေကြသည့် ပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

✪ မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁) (၂) (၃) (၄)(သို့မဟုတ်) ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃ ၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅လမ်း ၂၂ x ၂၃ ကြား၊ အောင်မြေသာဇံမြို့နယ်၊ ဖုန်းနံပါတ်- ၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**